# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏
## ၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီး (၂၂)မြောက် အထိမ်းအမှတ်ပန်ကြားချက်

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်

သမိုင်းကို ပြည်သူများကသာ ဖန်တီးခဲ့ကြခြင်းဖြစ်သည်။

ဖန်တီးသည်ဆိုရာ၌ မင်းလမ်းမကြီးပေါ်တွင် စိတ်အေးလက်အေးလမ်းလျှောက်ကာ ဖန်တီးခဲ့ကြရခြင်းမဟုတ်။ အသက်သွေးချွေး ပေါင်းများစွာ ပေးဆပ်ရင်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ချီတက်ခဲ့ကြရခြင်းဖြစ်သည်။ ပြည်သူများအတွက် ပိုမိုသစ်လွင်သော ခေတ်သစ် တစ်ခုအတွက် ပြည်သူများသည်သမိုင်း၏ ကွေ့ကောက်သောကြောင်လိမ်လေ့ခါးပေါ်သို့ တစ်ထစ်ပြီး တစ်ထစ် ဆက်လက်ချီတက်ကြရလိမ့် ဦးမည်။

ကျွန်တော်တို့ပါတီအပါအဝင် ပြည်သူများအားလုံး အုံကြွပါဝင်ခဲ့ကြသည့် ၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီးသည်ပင် ယခု အခါ(၂၂)နှစ် ပြည့်မြောက်ခဲ့ပါပြီ။ သို့သော်လည်းပြည်သူများအားလုံး လိုလားခဲ့ကြသော စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် စစ်မှန်သော ပြည်ထောင်စုစနစ်သို့ မရောက်ရှိသေးပါ။ လက်ဝယ် မရရှိသေးပါ။ ဆက်လက်ချီတက် ကြရပါလိမ့်ဦးမည်။ တိုက်ပွဲဆင်ကြ ရပါလိမ့်ဦးမည်။

ပြည်သူများ၏ ချီတက်ရာ၊ သမိုင်း၏ တောင်းဆိုရာ လမ်းမပေါ်တွင် ကန့်လန့်ဖြတ် တားဆီးပိတ်ပင်နေသော စစ်အာဏာရှင်စနစ်ကို အကုန်အစင် ဖျက်သိမ်းပစ်ရပါလိမ့်မည်။

စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးသည် ယနေ့ကာလ၏ အဓိကနှင့် အချက်အချာကျသော ၁တာဝန်ပင်ဖြစ်ပါသည်။ ယင်းတာဝန်သည် ပြည်တွင်းပြည်ပအင်အားစုအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ဆောင်ရွက်နိုင်မှသာ ပြီးမြောက်အောင်မြင်နိုင်မည့် လုပ်ငန်းလည်း ဖြစ်ပါသည်။

၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီး၏ အင်အားစွမ်းပကားဖြင့် တစ်ပါတီအာဏာရှင်စနစ်၊ ယင်းစနစ်၏ တည်ရာမှီရာ ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)နှင့် လက်တွေ့ အကောင်အထည်ဖော်ရာ ယန္တယားဖြစ်သည့် (မဆလ)ပါတီနှင့် (မဆလ)အစိုးရ တို့ကို ဖျက်သိမ်းဖြိုချ ပစ်နိုင်ခဲ့သည်။ အဆိုပါအောင်ပွဲရလဒ်သည် လွတ်လပ်ရေးရရှိပြီးနောက် ပြည်သူတို့၏ အုံကြွလှုပ်ရှားမှုများအနက် အကြီးမားဆုံးနှင့် အမြင့်မားဆုံးသော အောင်ပွဲတစ်ရပ်လည်းဖြစ်သည်။ ယင်းသို့ မြင့်မားခန့်ညားသော ဂုဏ်ကျက်သရေနှင့် ပြည်သူတို့၏ အင်အားစွမ်းပကားရှိမှုကို မည်သူကမျှ၊ မည်သည့်အင်အားစုကမျှ ပြန်လည်ပြင်ဆင် ပြောင်းလည်းနိုင်လိမ့်မည် မဟုတ်ပါ။ သမိုင်းက မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ကျွန်တော်တို့အနေဖြင့် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၀ပြည့်နှစ်လွန်ကာလ၏ ဟိုမှာဘက်အပိုင်းတွင်လည်း ၁၉၈၈ ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး၏ အောင်ပွဲခံစိတ်ဓါတ်နှင့် လူထုစွမ်းပကားကို စည်းရုံးဖော်ထုတ်ပြီး စစ်အာဏာရှင်စနစ်ကို ရင်ဆိုင်ကြရပေလိမ့်မည်။

စစ်အာဏာရှင်စနစ်၊ ယင်းစနစ်ကို ချုပ်ကိုင်မောင်းနှင်နေသည့် စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၏ တည်ရာမှီရာဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)နှင့် ယင်းစနစ်ကို စတင်အသက်သွင်းမည် ၂၀၁၀ ရွေးကောက်ပွဲတို့ကို ၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီး၏ အောင်ပွဲခံစိတ်ဓါတ်ဖြင့် ပြည်သူများကို စည်းရုံးလှုံ့ဆော်ကာ အကုန်အစင် ဖြိုချဖျက်သိမ်းပစ်ရမည်။

သို့ပါ၍ လူမျိုးပေါင်းစုံပြည်သူများအနေဖြင့် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ဖျက် သိမ်းရေးနှင့်၂၀၁၀ရွေးကောက်ပွဲ ဆန့်ကျင်သပိတ်မှောက်ရေး လုပ်ငန်းတာဝန်များကို တညီတညွတ်တည်း ဆောင်ရွက်သွားကြပါရန် ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီက လေးစားစွာ တိုက်တွန်းပန်ကြားအပ်ပါသည်။

- ပြည်သူသာအမိပြည်သူသာအဖ
- ၁၉၈၈ ဒီမိုကရေစီလူထုအရေးတော်ပုံကြီး၏ အောင်ပွဲခံစိတ်ဓါတ်ကို ကိုင်စွဲကြ
- ဒီမိုကရေစီတော်လှန်ရေးမုချအောင်ပွဲခံရမည်။

ဗဟိုစည်းရုံးရေးကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ပါတီဌာနချုပ်)


ဆက်သွယ်ရန်-

| | | |
|---|---|---|
| ကိုအောင်မိုးဇော် | ဥက္ကဌ | ( + 66 812815350 ) |
| ကိုငွေလင်း | တွဲဘက်အထွေထွေအတွင်းရေးမှူး | (+ 66 814759223 ) |